STATE OF WASHINGTON

DEPARTMENT OF SOCIAL AND HEALTH SERVICES

*DEVELOPMENTAL DISABILITIES ADMINISTRATION*

HOME AND COMMUNITY-BASED SERVICES (HCBS)

# HCBS တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှု ထောက်ခံခွင့်ပြုကြောင်း အသိပေးအကြောင်းကြားချက်

## HCBS Waiver Approval Notification

**Date**

ခင်မင်ရပါသော

နေ့တွင် ဖွံ့ ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာ မသန်စွမ်းသူများ စီမံအုပ်ချုပ်မှုအဖွဲ့ (DDA) မှ သင်၏ တောင်းဆိုချက်ဖြစ်သော တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှုအတွက် စာရင်းသွင်းမှုအား ထောက်ခံခွင့်ပြုခဲ့ပါသည်။

**ကျွန်ုပ်အနေနှင့် မည်သည်တို့အား မျှော်လင့်ထားနိုင်သနည်း။**

အမှုမန်နေဂျာသည် သင့်ထံသို့ ခေါ်ဆိုကာ တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှုအတွက် စာရင်းသွင်းရန် ရှေ့ဆက်လုပ်ဆောင်ရမည့် အဆင့်များအကြောင်း ရှင်းလင်းပြောပြသွားမည် ဖြစ်သည်။

**ကျွန်ုပ်အနေနှင့် မည်သည်တို့အား သိရှိထားသင့်သနည်း။**

တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှု လုပ်ငန်းစဉ်အား ပြီးမြောက်ရန်အတွက်ဗှာ သင်သည် ရေရှည် စောင့်ရှောက်မှု Medicaid (Long Term Care Medicaid) အတွက် အရည်အချင်းပြည့်မီရမည် ဖြစ်သည်။ လျှောက်ထားမှုပြုလုပ်ရန်အတွက် သင်၏ အမှုမန်နေဂျာသည် သင့်အား အကူအညီပေးမည် ဖြစ်သည်။ ဤအရည်အချင်းပြည့်မီမှု လုပ်ငန်းစဉ်အား ပြီးမြောက်စေရန်အတွက်ဗှာ DDA ၏ ရေရှည်စောင့်ရှောက်မှု ယူနစ်မှ တစ်စုံတစ်ဦးသည် သင့်ထံသို့ ဆက်သွယ်လာနိုင်ပါသည်။

တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှုအား လက်ခံခြင်းသည် သင်၏ ကိုယ်ပိုင်ရွေးချယ်မှု ဖြစ်ပြီး၊ သို့ဖြစ်ရာ မိမိဆန္ဒအလျောက် ပါဝင်မှု လျှောက်လွှာဖောင်အား လက်မှတ်ရေးထိုးပေးရန် သင်၏ အမှုမန်နေဂျာမှ သင့်အား တောင်းဆိုမည် ဖြစ်သည်။ ဤလျှောက်လွှာဖောင်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် သင်သည် ရပ်ရွာအဖွဲ့အစည်းအတွင်းမှ တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှု ဝန်ဆောင်မှုများအား လက်ခံရယူရန် ရွေးချယ်ကြောင်း DDA အား ပြောပြခြင်းပင် ဖြစ်သည်။

**ဝန်ဆောင်မှုများအား မည်သည့်အချိန်၌ ကျွန်ုပ် ရရှိနိုင်မည်နည်း။**

သင်၏ DDA အကဲဖြတ်စစ်ဆေးမှုသည် သင်၏ ထောက်ပံ့မှု လိုအပ်ချက်များအားလုံးအား စာရွက်စာတမ်း မှတ်တမ်းပြုလုပ်ထားပြီး၊ သင်၏ လူပုဂ္ဂိုလ်ဗဟိုပြု ဝန်ဆောင်မှု အစီအစဉ်သည် သင်၏ ဝန်ဆောင်မှုများအား စာရွက်စာတမ်း မှတ်တမ်းပြုလုပ်ထားသည်။ တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှုအား မစတင်မီ သင်၏ လူပုဂ္ဂိုလ်ဗဟိုပြု ဝန်ဆောင်မှု အစီအစဉ်အား လက်မှတ်ရေးထိုးရန် သင်၏ အမှုမန်နေဂျာမှ သင့်အား တောင်းဆိုမည် ဖြစ်သည်။

သင့်အနေနှင့် တောင်းဆိုပိုင်ခွင့်စွန့်လွှတ်မှုတွင် စာရင်းသွင်းပြီးသည်နှင့်တစ်ပြိုင်နက် သင် လိုအပ်သော ဝန်ဆောင်မှုများအား ရရှိနိုင်ရန် သင်၏ အမှုမန်နေဂျာမှ သင့်အား ကူညီပေးမည် ဖြစ်သည်။ အိတ်ပိတ်ပူးတွဲပါဝင်သော လက်ကမ်းစာစောင်သည် သင် ရရှိနိုင်မည်ဖြစ်သော ဝန်ဆောင်မှုများအား စာရင်းပြုဖော်ပြထားသည်။

**မည်သူ့ထံသို့ ကျွန်ုပ် ဆက်သွယ်နိုင်မည်နည်း။**

နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် သင့်အား တာဝန်ယူထားသည့် အမှုမန်နေဂျာ ထံ သို့မဟုတ် သို့ သင် ဆက်သွယ်နိုင်ပါသည်။

အိတ်ပိတ်ပူးတွဲပါဝင်မှု -